

မျိုးကိုမျိုး

# ပို့စ်မော်ဒန်ပုံပြင်များ

# ပို့စ်မော်ဒန် ပုံပြင်များနှင့် ပတ်သက်၍ ......

မောင်မောင်ဇေယျ

"ဟိုး . . . ရှေးရှေးတုန်းက . . . . ."

အဲဒီ အသံမျိုးကို ငယ်ရာကနေ ကြီးရာဖြတ်သန်းလာဖူးတဲ့သူတိုင်း ကြားဖူးမှာပါ။ ငယ်ငယ်တုန်းက ကလေးဘဝမှာ၊ ဘိုးဘွားမိဘတွေရဲ့ ရင်ခွင်ကြားမှာ နားနေအိပ်စက်ရင်း "ဟိုး ရှေးရှေးတုန်းက . . ." အစချီပြီး ပုံပြင်တစ်ပုဒ်ပြီး တစ်ပုဒ် နားထောင်ရင်း အိပ်ပျော်သွားရတဲ့ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ကို လူတိုင်း စမြုံ့ပြန်ဖူးကြမယ် ထင်ပါတယ်။ ငယ်စဉ်က ဒီအရသာဟာဘာနဲ့မှမတူတဲ့ အလွန် စွဲလမ်းမြတ်နိုးခဲ့ရတဲ့ အတွေ့အကြုံဟောင်း တစ်ခုဖြစ်တာကိုတွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့ငယ်စဉ်ဘဝ ဖြတ်သန်းမှုတွေထဲက ဒီပုံပြင်တွေဟာ ကျွန်တော်တို့အရွယ်ရောက်လာတဲ့အထိ ကျွန်တော်တို့ဘဝမှာ အရေးပါနေတတ်ပြီး ကျွန်တော်တို့ကိုတစ်စုံတစ်ရာ စေ့ဆော်နေတဲ့ ပညာတွေလို့ ယူဆရင် ရမယ်ထင်ပါတယ်။

ဟုတ်ပါတယ်။ ပုံပြင်တွေဟာ ကျွန်တော်တို့ရဲ့ ရှေးဦးမဆွကပဲ ကျွန်တော်တို့ကို သင်ကြားပေးနေတဲ့ ပညာတွေ။ ကျွန်တော်တို့ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ကျွန်တော်တို့ ရရှိခဲ့တဲ့ ပညာသင်ကြားရေး ပုံသဏ္ဍာန် တစ်မျိုးပါပဲ။

တကယ်တော့ ပုံပြင်တွေဟာ လူကြီးတွေက ကလေးတွေကို အိပ်ရာဝင် အပျင်းပြေ ချော့သိပ်စရာ ဇာတ်ကြောင်းလေးတွေလို့ ထင်စရာ ရှိပါတယ်။ အဲဒါ မဟုတ်ပါဘူး။ ပုံပြင်တွေဟာ ကလေးတွေအတွက် ပညာရစရာ နည်းလမ်းကောင်းတစ်ခုဖြစ်သလို လူကြီးတွေအတွက်လည်း ပညာသင်ကြားရေး ပုံသဏ္ဍာန်တစ်မျိုးပါပဲ။ ပုံပြင်ကို ပုံပြင်လို သဘောထားရင်တော့ ပုံပြင်ဟာ ပုံပြင်ပါပဲ။ ဒါပေမယ့် ပုံပြင်ကို ပညာရစရာ နည်းလမ်းကောင်းလို့

သဘောထားရင်တော့ ပုံပြင်တွေဟာ ပညာတွေ။ ကလေးတွေအတွက် ပညာတွေပါပဲ။ ပညာဆိုတာ လူသားရဲ့အသိပညာကို တိုးချဲ့တာ၊ လူသားရဲ့ ဆင်ခြင်တုံတရားကို တိုးချဲ့တာ ဖြစ်ပါတယ်။ လူသားဟာ အသိပညာ တိုးချဲ့ဖို့ရာ၊ ဆင်ခြင်တုံတရားပြန့်ကားဖို့ရာ အမြဲလုပ်နေရတဲ့ သဘာဝ ရှိပါတယ်။ ဒီလို အသိပညာ ရရာ ရကြောင်းနဲ့ ဆင်ခြင်တုံတရား ပြန့်ကားပေါ်ထွက်လာရေးအတွက် လူသားမှာ သင်ကြားရေး ပုံသဏ္ဌာန်အမျိုးမျိုး ရှိနေတာကို တွေ့ရပါတယ်။ ငယ်စဉ်တောင်ကျေး ကလေးဘဝမှာတော့ ကလေးတွေ ပညာရဖို့နဲ့ ကလေးတွေ ဆင်ခြင်တုံတရား ပြန့်ကားထွက်ပေါ်လာဖို့အတွက် ပုံပြင်တွေဟာ အကောင်းဆုံးနဲ့ အလွန်သင့်တော်ဆုံး နည်းလမ်းတစ်ခုပါပဲ။

လူမျိုးတိုင်း၊ လူမျိုးတိုင်းမှာ ပုံပြင်တွေဟာ ဒေသန္တရ၊ ဒေသိယ ဘာသာစကားတစ်ခုအနေနဲ့ နိုင်ငံတိုင်းမှာ တည်ရှိနေတတ်ပါတယ်။ ဒါဟာလည်း ဟိုးပဝေသဏီကတည်းက တည်ရှိလာတာ၊ ယခုကာလအထိအောင် တည်ရှိနေဆဲဖြစ်တာကို တွေ့ရပါတယ်။ ဟိုး ...... လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင်ကျော်လောက်က စခဲ့တဲ့ အရှေ့ဖက် အိန္ဒိယ ပဉ္စတန္တရ (Panchatantra) ဒဏ္ဍာရီ ပုံပြင်တွေဟာ ယဉ်ကျေးမှု ကူးလူးဆက်ဆံရင်း အရှေ့အလယ်ပိုင်းကိုရောက်၊ အဲဒီ ကနေ အလယ်ခေတ်လောက်မှ ဥရောပအနောက်တိုင်းထိအောင် ပျံ့နှံ့သွားတာကို တွေ့ရပါတယ်။ ရုရှားမှာ ရုရှားရဲ့ ယဉ်ကျေးမှုပုံသဏ္ဌာန်အတိုင်း၊ အနောက်တိုင်းဥရောပမှ အနောက်တိုင်းဥရောပရဲ့ ပုံသဏ္ဌာန်အတိုင်း ပုံပြင်တွေဟာ လိုက်ပါပြောင်းလဲလို့ သူတို့ပုံသဏ္ဌာန်နဲ့ သူတို့ဟန်အရ ဖြစ်သွားခဲ့ကြတာကို တွေ့ရပါတယ်။ ကြာလာတော့လည်း တစ်ယောက်စကား တစ်ယောက်နားကနေ သူတို့ကိုယ်ပိုင် ဒေသန္တရပုံပြင်တွေအဖြစ် ကူးပြောင်းသွားပါတယ်။ ဒီလိုပုံသဏ္ဌာန်အရ၊ ဟန်အရ ပြောင်းလဲသွားပေမယ့်ပုံပြင်ရဲ့ အနှစ်သာရသဘောကတော့ ပျောက်ပျက်ပြောင်းလဲမသွားဘဲ ဒီအတိုင်း ယခုကာလထိအောင်

တည်ရှိနေတာကိုလည်း အံ့သြဖွယ်ရာ တွေ့ရှိရပါတယ်။ လူ့စရိုက် ကိုပုံဖော်တဲ့ တိရစ္ဆာန်ပုံပြင်ထဲက မြေခွေးဟာ ကောက်ကျစ်ဉာဏ်များမယ်၊ ကျားဆိုရင်ကောက်ကျစ်စဉ်းလဲမယ်၊ ယုန်ဆိုရင် အားနည်းပေမယ့် ဉာဏ်ပညာ အမြော်အမြင်ရှိမယ်၊ ဇီးကွက် ဆိုရင် ပညာရှိ တရားသူကြီးလို ဉာဏ်ကြီးမယ်၊ သိုးငယ်ဆိုရင် အပြစ်လုပ်တတ် မှားတတ်ပေမယ့် ဘာမှနားမလည်အပြစ်မဲ့သလို နေတတ်တဲ့ စရိုက်လက္ခဏာဆောင်မယ်၊ . . . စတဲ့ စတဲ့ "ပြည်သူ့နီတိ" (civics) တွေ၊ "ကိုယ်ကျင့်တရား" (လူ့ကျင့်ဝတ်) (moral) တွေကို ကိုယ်စားပြု ဖော်ကျူးလေ့ ရှိတတ်ပါတယ်။ ပုံပြင်တွေထဲမှာ ကနေ့ လူသားတွေ အတုယူစရာ၊ လိုက်နာစရာ၊ ရှောင်ကြဉ်စရာတွေကို သင်္ကေတတွေ၊ နိမိတ်ပုံတွေ၊ ကိုယ်စားပြုတာတွေနဲ့ ရောထွေးယှက်သွယ် သရုပ်ဖော်ထားတာတွေနဲ့ ပြည့်နှက်နေပါတယ်။ ဒီမှာ တရားတော်နဲ့အညီ မကောင်းတာကို မလုပ်မိအောင်၊ ကောင်းတာကို လိုက်နာလုပ်ဆောင်မိအောင်၊ ကောင်းတာနဲ့ မကောင်းတာ ခွဲခြားတတ်အောင်၊ ကောင်းတာကိုဆောင်၊ မကောင်းတာကို ရှောင်နိုင်အောင် ပုံပြင်တွေထဲမှာ သတိပေး အမှတ်ထားစရာတွေ ပါတာကို တွေ့နေရပါတယ်။ ဒီနေရာမှာ ကျွန်တော်အထူးအားဖြင့် ပြောချင်တာကိုက ပုံပြင်တွေဟာ လူသားတွေအတွက် တကယ် လိုအပ်တယ်ဆိုတာကိုပါပဲ။

ကနေ့ ကျွန်တော်တို့ရဲ့ နှစ်ဆယ့်တစ်ရာစု ကာလတရားထဲ ရောက်နေကြရတဲ့ လူသား အားလုံးဟာ နှစ်ဆယ့်တစ်ရာစုမတိုင်ခင်က ကာလတရားတွေရဲ့ သမိုင်းသင်ခန်းစာ၊ ယဉ်ကျေးမှု အမွေဆက်ခံစရာတွေကို ဆက်လက် ထွေးပွေ့သယ်ဆောင်နေကြရတာ ကို တွေ့ရပါတယ်။ ဒီလို အမွေဆက်ခံစရာတွေထဲမှာ "ယဉ်ကျေးမှု" (culture) တွေဟာ ကျွန်တော်တို့အတွက် တန်ဖိုးဖြတ် လို့မရတဲ့ ရေနံစ္စာတွေ ဖြစ်ပါတယ်။ ဒီ "ယဉ်ကျေးမှု" ဆိုတဲ့အထဲမှာ ကျွန်တော်တို့ရဲ့မျိုးဆက် တစ်ခုပြီး တစ်ခု လက်ဆင့်ကမ်းလာတဲ့ ပုံပြင်တွေ၊ ဒဏ္ဍာရီတွေ ပါနေပါတယ်။ ဒီပုံပြင်တွေ၊ ဒဏ္ဍာရီတွေဟာ တကယ်ပြောမယ်ဆိုရင်

ကျွန်တော်တို့ရဲ့ မျိုးဆက်တစ်ခုပြီး တစ်ခု လက်ဆင့်ကမ်းလာတဲ့ ပုံပြင်တွေ၊ ဒဏ္ဍာရီတွေ ပါနေပါတယ်။ ဒီပုံပြင်တွေ၊ဒဏ္ဍာရီတွေဟာ တကယ်ပြောမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဓနဉစ္စာလို့ ခေါ်ခေါ်၊ပညာလို့ ခေါ်ခေါ် ကြိုက်တဲ့တန်ဖိုး (value) သတ်မှတ်နိုင်တဲ့ ဆက်လက်သယ်ဆောင်ထိန်းသိမ်းရမယ့် အမွေအနှစ်တွေပါပဲ။

ယနေ့ကာလ နှစ်ဆယ့်တစ်ရာစုကို အနောက်တိုင်း စာပေပညာရှင်တွေ၊ သမိုင်းပညာရှင်တွေက "ပို့စ်မော်ဒန်ခေတ်" / "ပို့စ်မော်ဒန်ကာလ" (Post-modern era) လို့ ခေါ်ဆိုသတ်မှတ်ကြတာကို တွေ့ရပါတယ်။ ဒီပို့စ်မော်ဒန်ကာလတရားထဲက အခြေအနေ (condition) အကြောင်း ပြောရမယ်ဆိုရင် ယဉ်ကျေးမှုဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကျွန်တော်တို့ အဓိကထား ပြောကြရမှာ ဖြစ်ပါတယ်။ ဒီယဉ်ကျေးမှုဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကျွန်တော်အခုပြောနေတဲ့ ပုံပြင်တွေလည်း အကျုံးဝင်ပါတယ်။ဒီနေ့ ပို့စ်မော်ဒန်ကာလတရားထဲမှာ စာပေပညာရှင်တွေဟာ ပုံပြင်တွေကို တန်ဖိုးထားလာကြတာကို တွေ့ရပါတယ်။ ဒီကနေ့ ကာလဟာ ပညာကို တန်ဖိုးထားတဲ့ ခေတ်၊ ပညာခေတ် (knowledge age)ဖြစ်ပါတယ်။ ပညာခေတ်မှာ ပညာ ရရာရကြောင်း မူလရင်းမြစ်ဖြစ်တဲ့ ပုံပြင်တွေဟာ တန်ဖိုးထားစရာ၊ ဖော်ထုတ်စရာ ဖြစ်လာပါတယ်။ တကယ်တော့ ပုံပြင်တွေဟာ စိတ်ကူးစိတ်သန်းတွေ (imagination)တွေပါပဲ။ ဒီစိတ်ကူးစိတ်သန်းတွေဟာ ကနေ့ ပို့စ်မော်ဒန်ခေတ်မှာ တကယ်ဖြစ်လာတဲ့ အရှိတရား (reality) အဖြစ် နေရာယူနေကြပါပြီ။ ပို့စ်မော်ဒန်ခေတ်ဟာ ဒီစိတ်ကူးစိတ်သန်းတွေ တကယ်ဖြစ်လာတဲ့ အရှိတရားအကြောင်းကို ဖော်ထုတ်ပြောပြနေတဲ့ အခြေအနေတစ်ရပ် ဖြစ်ပါတယ်။

ပို့စ်မော်ဒန်ခေတ်ဟာ အလွန်လျင်မြန်တဲ့ အဟုန်နဲ့ ပြောင်းလဲဖြစ်ပေါ်နေတဲ့ ကာလတရား တစ်ခုဖြစ်ပါတယ်။ ပို့စ်မော်ဒန်ခေတ်မှာ အထူးသဖြင့် အီလက်ထရောနစ်မီဒီယာ (Electronic Media) တွေဟာ လိုက်မမီလောက်အောင် လျင်မြန်စွာ တိုးတက်ဖြစ်ထွန်းနေတာမို့ လူသားရဲ့

ဦးနှောက်ဟာ အသိပညာတွေနဲ့ ပြန့်ကားချဲ့ထွင်နိုင်သမျှ ချဲ့ထွင်နေရပါတယ်။
သတင်းမီဒီယာတွေရဲ့ အလွန်ကျယ်ပြန့်တဲ့ သတင်းပေးမှုကြောင့် လူသားဟာ
ကမ္ဘာလောကဆိုင်ရာ အချက် အလက်တွေကို မသိချင်လို့ မရတော့ပါဘူး၊
လျစ်လျူရှုလို့ မရတော့ပါဘူး။ မသိကျိုးကျွန် ဥပေက္ခာပြုလို့ မရတော့ပါဘူး။
လူသားဟာ မသိချင်လည်း သိနေရပါတယ်။ မသိစေချင်ရင်လည်း သိနေရပါတယ်။
အသိပေးသူ မရှိရင်လည်း သိနေရပါတယ်။လူသားဟာ အဲဒီ လို
သတင်းအချက်အလက် တွေကိုသိလိုက်တော့ လူသားရဲ့ အသိဉာဏ်ဟာ
ပွင့်ထွက်လာပါတယ်။ ပွင့်လင်းလာပါတယ်။ ဆက်စပ်စဉ်းစား လာပါတယ်။
ပိုင်းခြားဝေဖန်မှုတွေ ပြုလုပ်လာပါတယ်။ တန်ဖိုးဖြတ်မှုတွေ လုပ်လာပါတယ်။
မှန်၏ /မှား၏ ၊ ကောင်း၏ / ဆိုး၏ ဆိုတဲ့ တန်ဖိုးဆိုင်ရာ အကဲဖြတ်မှုတွေနဲ့အတူ
လူသားရဲ့ အသိတရားဟာ ပြန့်ကားချဲ့ထွင်လာတာကို တွေ့ရပါတယ်။ တကယ်တော့
ပို့စ်မော်ဒန် ခေတ်ဟာ လူသားရဲ့ ဆင်ခြင်တုံတရား ပြန့်ကားချဲ့ထွင်လာတဲ့ခေတ်၊
လူသားရဲ့ အသိပညာ ပွင့်ထွက်လာတဲ့ခေတ်လို့ ဆိုရင် ရနိုင်ကောင်းပါတယ်။

အဲဒီ လို "လူသားရဲ့ ဆင်ခြင်တုံတရား / အသိပညာ"ပွင့်လင်းပြန့်ကားလာတာနဲ့အတူလူသားတွေရဲ့ နေမှု ထိုင်မှု၊ စားသောက်မှု အခြေခံတွေဟာလည်း အရင့်အရင်ခေတ်ကာလနဲ့ မတူတော့ဘဲ နေမှု ထိုင်မှု၊ စားမှု သောက်မှု အခြေခံတွေ ပြောင်းလဲသွားပါတယ်။ လူသားရဲ့ နေထိုင်ရှင်သန်မှုပုံ (Style of Living) အသစ် အသစ်တွေ တစ်နေ့တခြား ပေါ်ထွက်ဖြစ်ထွန်းနေတာကို ကျွန်တော်တို့ နေ့စဉ် တွေ့နေရပါတယ်။ ဒီအခါမှာ လူသားရဲ့ စဉ်းစားနည်း/တွေးခေါ်နည်း (Way of Thinking) တွေဟာလည်း လိုက်ပါ ပြောင်းလဲသွားပါတယ်။ အရင့် အရင်ခေတ်ဟောင်း (old age) တုန်းက စဉ်းစားပုံစဉ်းစားနည်း၊ တွေးခေါ်ပုံ တွေးခေါ်နည်းတွေနဲ့ လုံးဝ (လုံးဝ) မတူတော့တဲ့၊ သမားရိုးကျမဟုတ်တော့တဲ့ အခုခေတ် ကာလတရားနဲ့ အံဝင်ခွင်ကျ လိုက်လျော ညီထွေတဲ့ "စဉ်းစားပုံ စဉ်းစားနည်း အသစ်"၊"တွေးခေါ်ပုံ တွေးခေါ်နည်း အသစ်"

တွေ ဝင်ရောက် ဖြစ်ထွန်းလာပါတယ်။ ကျွန်တော့အနေနဲ့ကတော့ ဒါဟာ ကောင်းတဲ့ တိုးတက်ဖြစ်ထွန်းမှု ဖြစ်သလို ကာလတရားနဲ့ ညီတဲ့ "လိုအပ်ချက်" (necessity) ဖြစ်တယ်လို့ မြင်ပါတယ်။

ကျွန်တော် အထက်မှာ ဆိုခဲ့တဲ့အတိုင်း ပုံပြင်တွေဟာ ကနေ့ကာလမှာ စိတ်ကူးစိတ်သန်း သက်သက်မဟုတ်တော့ဘဲ တကယ်ဖြစ်လာတဲ့ "အရှိတရား" တွေဖြစ်လို့ ပုံပြင်တွေကပေးတဲ့ အသိပညာဟာလည်း ကနေ့လူသားတွေအတွက် လိုအပ်ချက်တစ်ရပ် ဖြစ်တာကို တွေ့ရပါတယ်။ ဒီမှာ ကျွန်တော် တစ်ချက်လောက် ပြောစရာ ရှိပါတယ်။ ဒါဟာ သိပ်ကို အရေးကြီးပါတယ်။ အဲဒါဟာ ဘာလဲဆိုတော့ ကနေ့ ပို့စ်မော်ဒန်ခေတ် ဒါမှမဟုတ် ပို့စ်မော်ဒန်ကာလတရားထဲက ပုံပြင် တွေဟာ အရင့် အရင်ခေတ်ဟောင်း စနစ်ဟောင်း "ဟိုး . . . ရှေးရှေးတုန်းက" ဆိုတဲ့ ပုံပြင်တွေနဲ့ လုံးဝ (လုံးဝ) မတူတော့ဘူးဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒါကို သတိထားပြီး ကြည့်စေချင်ပါတယ်။ ဒါဟာလည်း သဘာဝ ကျပါတယ်။ လူတွေရဲ့ နေမှုထိုင်မှု၊ စားမှုသောက်မှုဆိုတဲ့ နေထိုင် ရှင်သန်ဟန်မတူ ခြားနားသွားတဲ့အခါမှာ "နေထိုင်ရှင်သန်ဟန်" အသစ်နဲ့ "စဉ်းစားတွေးခေါ်နည်းအသစ်" က ထွက်ပေါ်လာတဲ့ ပုံပြင်သစ်တွေ ဖြစ်လာတာဟာ သူ့အကျိုးနဲ့ သူ့အကြောင်း ဆီလျော် တယ်လို့ ကျွန်တော် ပြောလိုပါတယ်။ ဒီပုံပြင်တွေဟာ အရင်က ဟန်၊ အရင်က ခံယူချက်၊ အရင် က ရည်ရွယ်ချက်တွေနဲ့ မတူတဲ့၊ ဒီထက်ပိုကောင်းပြီး ဒီထက် "အသိတရား ဆင်ခြင်တုံတရား"ပွင့်လင်းပြန့်ကား ချဲ့ထွင်ရေးအတွက် အကျိုးများစေတဲ့ ပုံပြင်တွေကို စာပေပညာရှင်တွေ၊ စာရေးဆရာတွေဟာ ရေးသားဖော်ထုတ်ခဲ့ ကြပါတယ်။ ရေးသားဖော်ထုတ်ခဲ့ကြပြီး ဖြစ်တာကိုလည်း တွေ့ရပါတယ်။ ရေးသားဖော်ထုတ်နေကြဆဲလည်း ဖြစ်ပါတယ်။

အခု "မျိုးကိုမျိုးရဲ့ ပို့စ်မော်ဒန်ပုံပြင်များ" ဟာလည်း ပို့စ်မော်ဒန်ခေတ်နဲ့ လိုက်ဖက်ညီတဲ့ အတွေးအခေါ် အသစ်တွေနဲ့ ဖန်တီးထားတဲ့ ခေတ်သစ်ပုံပြင်များ ဖြစ်ပါတယ်။ ဒါဟာလည်း ပို့စ် မော်ဒန်ခေတ်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းတယ်လို့

ကျွန်တော် ယူဆပါတယ်။ ပြီးတော့ ဒါဟာလည်း ပို့စ်မော်ဒန်ခေတ်ရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီတာမို့ ကျွန်တော်တို့ရဲ့ "မြန်မာစာပေ ဖြစ်ပေါ် တိုးတက်ရေး" ဆိုတဲ့ လိုအပ်ချက်ကိုလည်း "မျိုးကိုမျိုး" က တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးလိုက်တာဖြစ်တယ်လို့ ကျွန်တော် ယူဆပါတယ်။

"မျိုးကိုမျိုး" ရဲ့ ပို့စ်မော်ဒန်ပုံပြင်များဟာ ကျွန်တော်တို့ စာဖတ်သူတွေကို ပို့စ်မော်ဒန်ခေတ်ရဲ့ ပုံပြင်တွေဟာ ဒီလို စဉ်းစားတွေးခေါ်တာပါလားဆိုတဲ့ စဉ်းစားပုံ စဉ်းစားနည်းအသစ်ကို ရစေပါတယ်။ စာဖတ်သူအနေနဲ့ မျိုးကိုမျိုးရဲ့ ပို့စ်မော်ဒန်ပုံပြင်များဟာ စာဖတ်သူနဲ့ အကြိုက် ညီချင်မှ ညီပါလိမ့်မယ်။ ညီတာမညီတာက ကနေ့ ပို့စ်မော်ဒန်ခေတ်ရဲ့ ဗဟုဝါဒ (Pluralism) တရားနဲ့ညီတာမို့ မိမိနှစ်သက်ရာ စံ(norm) ကို မိမိကြိုက်သလို ဆုပ်ကိုင်နိုင်ခွင့် ရှိတာကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ "ငါနဲ့မတူလို့ မကောင်းဘူး"၊"ငါမကြိုက်လို့ မှားတယ်"ဆိုတာမျိုးဟာ ဒီနေ့ကာလမှာ ခေတ်ကုန်သွားပါပြီ။ ကိုယ်ကြိုက်တာကို ကိုယ်ဖော်ထုတ် တင်ပြခွင့်ရှိသလို တခြား တပါးသူရဲ့ မတူခြားနားတဲ့ ဖော်ထုတ်တင်ပြမှုကိုလည်းစိတ်ကောင်းစေတနာကောင်းနဲ့ လက်ခံနားလည်ပေးရေးဟာ "ပို့စ်မော်ဒန်ခေတ်" ရဲ့ အလွန်ထူးခြား ပြောင်းလဲလာတဲ့ လက္ခဏာကောင်းတစ်ရပ် ဖြစ်ပါတယ်။

ကျွန်တော်နဲ့ စာရေးသားတာ ဝါသနာတူ၊ ရည်ရွယ်ချက်တူ၊ စေတနာတူတဲ့ မျိုးကိုမျိုးဟာစာရေးအားကောင်းတဲ့သူတစ်ယောက်ဖြစ်တာကို ကျွန်တော် သတိထားမိပါတယ်။ စာပေရေးသားခြင်းနဲ့ပတ်သက်လို့ အလွန်အမင်း ခုံမင်မြတ်နိုးသူတစ်ယောက်ဖြစ်ပါတယ်။ စာပေအပေါ်မှာ ယုံကြည်ကိုးစားလွန်းသူလည်း ဖြစ်ပါတယ်။ ပြီးတော့ သူဟာ ထူးခြားတဲ့ အသစ်ဖန်တီးလိုစိတ် ပြင်းပြသူလည်း ဖြစ်တာကို ကျွန်တော် သတိပြုမိပါတယ်။ သူ့မှာ အသစ်အသစ်ကို ဖန်တီးချင်တဲ့ စေတနာကောင်းရှိပြီး အသစ်အသစ်ကို ဖန်တီးနိုင်တဲ့ ဉာဏ်ပညာလည်းရှိတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

ကျွန်တော်ပြောတာတွေ "ဟုတ်၊မဟုတ်" ကတော့ စာဖတ်သူအနေနဲ့ သူ့ရဲ့ ပို့စ်မော်ဒန်ပုံပြင်များကို ဖတ်ကြည့်ရင် သိလာပါလိမ့်မယ်။

စာဖတ်သူအတွက် ကျွန်တော် အာမခံချက်ပေးနိုင်တာ တစ်ခုတော့ ရှိပါတယ်။ အဲဒါဟာတခြားမဟုတ်ပါဘူး။

စာဖတ်သူ . . . မျိုးကိုမျိုးရဲ့ "ပို့စ်မော်ဒန်ပုံပြင်များ" ကို ဖတ်ကြည့်ပါ။ ပြီးတော့ ပိုင်းခြား သုံးသပ် တန်ဖိုး ဖြတ်ကြည့်ပါ။ အဲဒီ အခါမှာ မျိုးကိုမျိုးရဲ့ စာအုပ်ဟာ မကောင်းဘူး (ဒါမှမဟုတ်) ကောင်းတယ်လို့ ကောက်ချက်ဆွဲလို့ရတယ်ဆိုရင် စာဖတ်သူအတွက် စာပေအကျိုးအမြတ် တစ်စုံတစ်ရာရသွားတာ ဖြစ်ပါတယ်။ မျိုးကိုမျိုးရဲ့ ပို့စ်မော်ဒန်ပုံပြင်များဟာစာဖတ်သူအတွက် စာပေအကျိုးအမြတ် တစ်စုံတစ်ရာ ရနိုင်ကြောင်း ကျွန်တော် အာမခံပါတယ်။

မောင်မောင်ဇေယျ

(၂၁-၅-၂၀၀၂)

# အလင်းယိုင်

(၁)

မောင်ကကြီးနှင့် မောင်ခချွေးတို့သည် အငြင်းအခုံမှာ ဝါသနာထုံသူများဖြစ်ကြ၏ ။ အရပ်ထဲ ငြင်းခုံစကားနိုင်လုပွဲများ ဖြစ်နေလျှင် မည်သူမည်ဝါတွေရယ်လို့ သွားကြည့်နေစရာမလို၊မောင်ကကြီးနှင့် မောင်ခချွေးမှလွဲ၍ အခြားသူ ဖြစ်နိုင်ရိုးမရှိ။ ယခုလည်း နှစ်ဦးဆုံမိသည်မှာ မကြာသေး၊ ထုံးစံအတိုင်း ငြင်းခုံစကားနိုင်လုနေကြပြန်လေပြီ။

မောင်ကကြီး။ ။ သစ်ပင်ပိရင်သာ သေမယ်၊ လူ့အောက်ကျို့လို့ ဘယ်တော့မှမသေဘူးကိုယ့်လူ။

မောင်ခချွေး ။ ။ သစ်ပင်ပိတိုင်း သေမယ်လို့ တထစ်ချပြောလို့ဘယ်ရမလဲ၊ ကံကောင်းရင် လည်း ရှင်မှာပေါ့။ အဲ. . .လူ့အောက်ကျို့မှသာ အဲဒီ လူတွေရဲ့ဒဏ်ပိပြီးသေမှာကတော့ မြေကြီး လက်ခတ် မလွဲရေးချ မလွဲပဲဗျား။

ကံမကောင်း အကြောင်းမလှသော တစ်နေ့တွင် မောင်ခချွေးခမျာ ကျိုးကျသည့် သစ်ပင် ကြီးတစ်ပင် ပိပြီး သေဆုံးသွားရလေသည်။

သေလွန်ပြီးနောက် ယမမင်းထံတွင် ကိုယ်ရေးရာဇဝင်ဆိုင်ရာ စစ်ဆေးမေးမြန်းခြင်းခံယူရန် အတွက် ယမမင်း၏ အခန်းရှေ့တွင် တန်းစီစောင့်ဆိုင်းနေရလေ၏ ။

ထိုစဉ် သူ့အား "ဟေ့လူ . . . ခင်ဗျားနှယ် ဘယ်လိုဖြစ်ပြီး ဒီကိုရောက်လာရတယ်" ဟူ၍ လွန်စွာရင်းနှီးမှုရှိသည့် နှုတ်ဆက်သံကို ကြားရလေသည်။ နှုတ်ဆက်လာသူကို ခြေဆုံးခေါင်းဆုံးအထပ်ထပ် ကြည့်သော်လည်း သိရှိဖူးခြင်းမရှိဟုသာ ထင်၏ ။ သူ၏ မိတ်ဆွေအပေါင်းအသင်းထဲတွင် ဤမျှ ရုပ်ဆိုးအကျည်းတန်သူ တစ်ဦးတစ်ယောက်မျှ မရှိသည်မှာလည်း

သေချာပါသည်။ ထို့ကြောင့် အားနာဟန်ပြုကာ "မိတ်ဆွေရဲ့လေသံကိုတော့ ကောင်းကောင်းရင်းနှီးနေသလိုပါပဲ၊ လူကို မမှတ်မိတာတော့ စိတ်မရှိပါနဲ့ခင်ဗျာ" ဟု ဆိုရ၏ ။

ထိုသူက"ကျွန်တော် မောင်ကကြီးလေဗျာ" ဟု ဆိုကာမှ မောင်ခခွေးလည်း မိတ်ဟောင်းဆွေဟောင်းနှင့် မထင်မှတ်ထားသောနေရာတွင် အမှတ်မထင် ဆုံဆည်းရသဖြင့် လွန်စွာ ဝမ်းသာသွားလေသည်။ သို့သော် မိမိတို့ ရောက်ရှိနေသောနေရာမှာ ဝမ်းသာရမည့် နေရာမဟုတ်ရကား၊ တစ်ဦးအကြောင်း တစ်ဦး မျက်ရည်စက်လက်ဖြင့် ရင်ဖွင့်ကြလေသည်။

မောင်ခခွေး ။ ။ ကျွန်တော် သစ်ပင်ပိလို့ သေပြီး ဒီရောက်လာတာဗျ၊ တစ်ချိန်တုန်းက ခင်ဗျား ပြောခဲ့ဖူးတဲ့ စကားက သေအောင်ကို မှန်လွန်းလှသဗျာ။

မောင်ကကြီး ။ ။ ကျွန်တော်ကတော့ လူ့အောက်ကျို့ မိလွန်းလို့ လူပိတဲ့ ဒဏ်တွေခံစားရပြီး ဒီရောက်လာရတာ ပဲ၊ ခင်ဗျား ကျွန်တော့်ကို ပြောဖူးခဲ့တဲ့စကား သွေးထွက်အောင်ကို မှန်မှန်း အခုတော့ လက်ခံရပြီပေါ့ဗျား။

မောင်ခခွေး ။ ။ ဘာပဲပြောပြော သေတာချင်း အတူတူ ခင်ဗျားက ခံရသက်သာသေးတာပေါ့။ စဉ်းစားကြည့်၊ ကျုပ်မှ တကယ့်ကို ဧရာမသစ်ပင်ကြီး ပိပြီး သေရတာ ၊ ဘယ်လောက်ဆိုးလိုက် သလဲ ဆိုတာ။

မောင်ကကြီး ။ ။ နို့. . . ဘယ်ဟုတ်ါလိမ့်မတုန်းဗျ၊ ခင်ဗျားက သစ်ပင်တစ်ခါပိပြီး တစ်ခါတည်းနဲ့ သေခွင့်ရခဲ့တာ၊ ဒဏ်ရာဆိုလည်း တစ်ချက်တည်းရယ်၊ ကျုပ်မှာတော့ အခါခါလည်းသေရ၊ ဒဏ်ရာဒဏ်ချက်လည်း များမှများ၊ ဒါကြောင့် ခုလို အသက်ပါဆုံးတဲ့အချိန်ကျတော့ ရုပ်ပျက်ဆင်းပျက်နဲ့ ခင်ဗျားတောင် ကျုပ်ကို မမှတ်မိဘူးလေ၊ ကျုပ်က ခင်ဗျားထက် အသေဆိုးပါတယ်ဗျာ။

မောင်ခခွေး ။ ။ . . . . . . . . . . .

မောင်ကကြီး ။ ။ . . . . . . . . . . .

သေတာချင်းအတူတူပင် မည်သူက မည်သူ့ထက် သေကံဆိုးပုံကို ငြင်းခုံစကားနိုင်လုနေကြသော မောင်ကကြီးနှင့် မောင်ခခွေးတို့ကို ယမမင်းကြီး၏ စာရေးက ယမမင်း၏ ရှေ့မှောက် ဝင်ရောက်ရန် နာမည်အော်ခေါ်လေကာမှ နှစ်ဦးသား ထိတ်လန့်ပြီးအငြင်းအခုံ ရပ်လေ၏ ။ ထို့နောက် တစ်ဦးကိုတစ်ဦး အားပေးရင်း ရှိုက်ကြီးတငင် ငိုကြွေးကြ၏ ။ အတန်ကြာသော် လူချင်းခွာပြီး တစ်ယောက်ကို တစ်ယောက်ကြည့်ကာ အားပါးတရ ရယ်မောကြလေတော့သည်။

# ကင်ဆာညရဲ့ သတ်ပုံ

သိပ္ပံပညာရပ်၏ တိုးတက်မှုကား အံ့မခန်း ရင်သပ်ရှုမောရ၏ ။ ယခုဆိုလျှင် အာကာသရှိနတ်ပြည်အထပ်ထပ်ကိုပင် စူးစမ်းလေ့လာနိုင်ပေပြီ။ သိပ္ပံပညာရပ်၏ သည်မျှ ဂုဏ်ယူဖွယ် အောင်မြင်မှုကပင် လူသားတို့အား အလွန်အမင်း ထိတ်လန့် တုန်လှုပ်စေပြန်သည်။အဘယ်ကြောင့်နည်း။

တစ်နေ့သော် နတ်ပြည် စုံစမ်းထောက်လှမ်းရေးဂြိုဟ်တုမှ ကမ္ဘာမြေသို့ ချောက်ချားဖွယ် သတင်းတစ်ရပ် ပေးပို့လေ၏ ။ ယင်းမှာ ပရိမက်ဖီးယားနတ်မင်း၏ ဦးခေါင်းကိုအလှည့်ကျ ကိုင်ဆောင်ရသော အေသီးယက်စ် နတ်သမီးလေး၏ လက်မှာ ထူးဆန်းစွာတုန်ယင်နေပြီ ဖြစ်ကြောင်းနှင့် မကြာမီ အချိန်လေးအတွင်းမှာပင် ယင်းနတ်သမီး၏ လက်မှ ပရိမက်ဖီးယား နတ်မင်း၏ ဦးခေါင်းသည် ကမ္ဘာမြေပေါ်သို့ကျရောက်လာတော့မည် ဖြစ်ကြောင်း. . .။

သိပ္ပံပညာရှင်တို့လည်း ပရိမက်ဖီးယားနတ်မင်း၏ ဦးခေါင်း ကမ္ဘာမြေပေါ်သို့ မကျရောက်မီ ဆယ်မထိန်းကျောင်းနိုင်ရန် အစွမ်းကုန် ကြိုးပမ်းကြတော့သည်။ သို့သော် အဘယ်အကြောင်းကြောင့်မသိ၊ ထို ပရိမက်ဖီးယားနတ်မင်း၏ ဦးခေါင်းကို မည်သို့မှ ဖမ်းယူထိန်းချုပ်၍ မရနိုင်ဘဲ ကမ္ဘာမြေပေါ်သို့ တိတိပပ ပြုတ်ကျလာတော့သည်။ ပြေးစရာ မြေမရှိတော့သော လူသားများခမျာ အဘယ်မျှ အစိုးမရနိုင်လောက်အောင် အားငယ်ထိတ်လန့်ကြမည်မှာ ဆိုဖွယ်ရာမရှိ။

ကမ္ဘာမြေပြင် တစ်နေရာပေါ်ရှိ ပရိမက်ဖီးယားနတ်မင်း၏ ဦးခေါင်းကို သိပ္ပံပညာရှင်များနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များက လိုအပ်မည့် ကာကွယ်မှုများ စူးစမ်းရေးကိရိယာများဖြင့် ရဲတင်းစွာကိုင်တွယ်ကြည့်ကြသော်လည်း မည်သို့သော အစွမ်းသတ္တိမျှမရှိ။ ထိုအခါမှ အားလုံးသက်ပြင်းချကာ အားပါးတရ ရယ်မောကြတော့သည်။

"အမယ်လေးလေး၊ တို့မှာတော့ ကြောက်လိုက်ရတာ ၊ ဇောချွေးကို ပြန်လို့၊ ပရိမက်ဖီးယားနတ်မင်း၏ ဦးခေါင်း မြေကြီးပေါ်ကျရင်ပဲ ကမ္ဘာမီးလောင်မယ်လေး ဘာလေးနဲ့ ဟား ဟား ဟား ဟား"

ထိုခဏ၌ ပင် အရောင်အဆင်း တောက်ပစွာသော နတ်တို့၏ အချုပ်အခေါင် ဇုနတ်မင်းသည် ကိုယ်ထင်ပြလျက် ဤသို့ဆိုလေ၏ ။

"အသင်လူသားတို့၊ ယခုကျလာသော ပရိမက်ဖီးယားနတ်မင်း၏ ဦးခေါင်းကား အစစ် မဟုတ်ချေ။ ပရိမက်ဖီးယားနတ်မင်း၏ ဦးခေါင်းအစစ်ကား ဤကမ္ဘာမြေပေါ်သို့ ဟိုးနှစ်ပေါင်း များစွာကတည်းက ကျခဲ့ပြီးလေပြီ"

ကိုယ်ထင်ပြမှုကို ရုတ်သိမ်းသွားပြီဖြစ်သော ဇုနတ်မင်း၏ စကားမှန် မမှန် သိပ္ပံပညာရပ် အသီးသီးဖြင့် ခြေရာကောက် လေ့လာတွက်ချက်ကြရာမှန်သည်ကို တွေ့ရ၏ ။ အံ့ဖွယ်ပါတကား။ ပရိမက်ဖီးယားနတ်မင်း၏ ဦးခေါင်းကား ဤကမ္ဘာမြေပေါ်သို့ သမိုင်းဦးဘုံမြေခေတ် အနှောင်းပိုင်းကတည်းက ကျရောက်ခဲ့လေပြီးလေပြီ။ ထိုစဉ်ကတည်းက လောင်ကျွမ်းခဲ့သော မီးသည် မငြိမ်းနိုင်သေးပဲ တိုးလို့သာ လာသည်မှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင်ပါတကား။

သည်အချိန်အခါကျမှ လူသားတို့လည်း တစ်ဦးကို တစ်ဦး သားကောင်ဆန်သည့် မျက်လုံးများဖြင့် သေချာစွာ အပြန်အလှန် ကြည့်မိကြ၏ ။ တစ်ဦးမျက်စိထဲတွင် တစ်ဦးသည် မီးခိုးငွေ့များ အူထွက်နေသကဲ့သို့ မိမိကိုယ်တိုင်လည်း ပူလောင်မှုဝေဒနာကို တစစ်စစ် ခံစားနေရမှန်း သတိထားမိတော့၏ ။ သည်မီးခိုးများကား မည်သို့ငြိမ်းသတ်ရမည်ကို သေချာစွာ မသိတန်ရာ။ ရင်မောလှပါဘိတော့တယ်။